# သွားကြစို့

ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းမိဿဟာယဖွဲ့ခြင်း အမှုကိုစာတန်မုန်းလှသည်။ ထိုအမှုပြုသူတိုင်းအားနှောက်ယှက်လေ့ရှိသည်။ ကျွန်ုပ်၏ အသက်တာတလျှောက်တွင် များစွာကြုံခဲ့ရသည့် နည်းတူ၊ ယုံကြည်သူများထံမှလည်း အစဉ်ကြားရပြီ။ ယခုလည်း မိဿဟာယ Homecell သွားလာခြင်းကိစ္စ၌ အခက်အခဲအစဉ်ကြုံနေရပါသည်။ အသေးစိတ်ရေးမနေတော့ပါ။ ထိုပြဿနာအတွင်းမှ ရရှိခဲ့သော အသိအမြင်ကိုသာခွန်အားရ၍တင်ပြလိုပါသည်။

တစ်ခုသောနေ့၏ ညည့်နေတွင် Homecell သွားနိုင်ရန် အခြေအနေမရှိသယောင်ဖြစ်၍ မိတ်ဆွေများမျှော်မနေရန် ဖုန်းဆက်မည်ဟုတွေးသည်။ အခွင့်မသာ၊ ဖုန်းအဆက်အသွယ်မရ၊ ဘုရားရှင်သာပဲ့ပြင်ပါ။ အခြေအနေအရ လူ့ဆင်ခြင်မှုနှင့် မျက်စေ့အမြင်က မဖြစ်နိုင်ကြောင်းပြနေပြီဟုဝန်ခံ၏။

အချိန်စေ့သော် ထိုနေရာသို့ ဧကန်ပင်ရောက်နိုင်ခဲ့သည်။ ဖြစ်ချင်တော့အိမ်ရှင်က အစီအစဉ်စာရွက်ရမထား၍သိမနေခဲ့၊ အပြင်ထွက်ရန်ပင် တံခါးဝသို့ရောက်နေပြီ။ ဘုရားရှင်သည် အလွန်ကောင်းမြတ်ပါသည်။ လူတို့က အလွဲလွဲအမှားမှားဖြစ်ပါသော်လည်း တစက္ကန့်မျှပင် မလွဲစေခဲ့ပါ။ သူငယ်ချင်းများနှင့် ဈေးရောင်းပွဲသွားလည်အပြီး ရုပ်ရှင်ကြည့်ဦးမည်ဟုစီစဉ်ထားသောအိမ်ရှင်ခမျာ အစီအစဉ်များဖျက်၍ ဝတ်ပြုမှုကိုဧည့်ခံရရှာသည်။ အခြေအနေများက တိမ်းစောင်းချွတ်ချော်၍ မအီမသာဖြစ်ရကြသော်လည်း၊ ချီးမွမ်းသီချင်းများသီဆိုရင်း ဝမ်းမြောက်ပျော်ရွှင်လာကြရသည်။ အိမ်ရှင်ကလည်း ဝိညာဉ်ရေးရာအားနည်းနေမိကြောင်းနှင့် ဘုရားရှင်သည်သူ့အား အလွန်ချစ်၍ ယခုပင်ဆီးတားလိုက်ခြင်းကိုလည်းသိရကြောင်း နှလုံးသားပါလျက်သက်သေခံခဲ့သည်။ ပြန်၍ခွန်အားယူဆုတောင်းခံသည်။ ထိုအရာက ဘုရားရှင်အလိုရှိဆုံးအရာဖြစ်သည်။

အလုပ်ခွင်နှင့် လောကအရှုပ်အထွေးများ အကြားပင်ပန်းနေသူများအနေဖြင့် လောကီနည်းလမ်းနှင့် အပမ်းဖြေရန်ကြိုးစားကြသည်။ (ယာ ၄း၇-၈) အရမှားပါသည်။ နှလုံးသား၏ပင် ပန်းမှုကိုသက်သာစေသောသူသည် ဘုရားရှင်သာဖြစ်သည်။ ခန္ဓာနွမ်းနယ်မှုကို သက်သာစေသူသည်လည်း ဖန်ဆင်းရှင်သာဖြစ်သည်။ ရေလိုက်လွဲ လျှင် မြုံးထဲရောက်မည်။ အငတ်မပြေနိုင်သည့် တံလျှပ်အရိပ်အယောင်ကိုရေဟုထင်ပြီး တကောက်ကောက်အရောက်သွားနေသော သမင်ငယ်မှာ ရေကိုမတွေ့ရဘဲ အမောဆို့၍ သေဖွယ်သာရှိမည်။ လူသည်လည်း ထို့အတူပင်။ ယနေ့အပမ်းဖြေမှား၍ ဒုက္ခတွေ့နေသူများလှပြီ။

ထိုသူများအား ပြန်လည်သွေးဆောင်ခေါ်ယူရန် ဝိညာဉ်တော်က အယောက်စီကို နှိုးဆော်ပါသည်။ နှိုးဆော်သံကိုဝန်ခံသူနည်းလှသည်။ ဇာတိလုပ်ဆောင်ဖွယ်ရာများကို ငြင်းပယ်ချထား၍ ဘုရားအလိုရှိရာကိုရွေးယူလုပ်ဆောင်နိုင်မှသာ ဘုရားရှင်၏စိတ်တော်နှင့်တွေ့မည်၊ မင်္ဂလာရှိသောသူဖြစ်မည်။ ဘုရားရှင်သည်သို့ပြုနိုင်ရန် ကျွန်မအားများစွာမစခဲ့ပါသည်။ ယခင်ကြိုးစား၍ ဇာတိကိုငြင်းပယ်ရသော်လည်း ယခုအခါ ဝိညာဉ်တော်၏တန်ခိုးကြောင့်သက်သာစွာ ကျော်လွှားနိုင်ခဲ့ပါပြီ။

တစ်ခါက Homecell တွင်ကျွန်မအား လက်မခံလိုသူ အငြင်းပွါးသူရှိနေရာ မသွားလိုဟုနားနေတော့သည့် သုံးပတ်မြောက်တွင် ခြေနာ၍ ယောင်ယမ်းခဲ့သည်။ ဆုတောင်းသော်လည်း မပျောက်၊ အပြစ်ဖေါ်ပြရာ ဝန်ချပြီးခြေနာစွာဖြင့်ပင်ထိုနေရာသို့ပြန်သွားခဲ့ရ၏။ ထိုနေ့မှသုံးရက်မြောက်လျှင် အနာပျောက်ရပါသည်။ ဘုရားရှင်အားလွန်ဆန်မိခြင်း မဟုတ်လော၊ သို့မှတဖြေးဖြေး ဇာတိကိုငြင်းပယ်ခြင်းသင်ခန်းစာများစွာလေ့ကျင့်ခဲ့ရာ၊ ယခုအခါတွင် ဇာတိကိုအလွယ်ငြင်းနိုင်ပါပြီ။ များစွာနာခဲ့ပြီး၍လည်းဖြစ်မည်။

ဘုရားအစေခံ ပရောဖက်ကြီးယေရမိသည် ဓာတိအရာအတွက် ဘုရားရှင်ထားရှိသောနေရာမှထွက်သွားရန် ကြိုးပမ်းမိသောကြောင့် ဘုရားက သူ့အားသူတပါးညှင်းဆဲရန်ခွင့်ပြုခဲ့သည် (ယေရမိ ၃၇း၁၂–၁၅)။ ယခင်ဟောပြောခဲ့စဉ်က ထိုသို့ဖမ်းချုပ်ညှင်းဆဲမခံရသေးပါ။ လူတို့က သူ့ကိုနားမထောင်မနှစ်သက်သော်လည်း ဖမ်းချုပ်ညှင်းဆဲခြင်းကိုယခုမှပြုနိုင်ခဲ့သည်။ အမှတ်တမဲ့ပြုမိလေသော ယေရမိခမျာ ကြီးစွာဒုက္ခရောက်ခဲ့သည်။ သို့ရာတွင် ဘုရားက အခိုက်အတန့်သာခွင့်ပြုသည်။ ဘုရားလူကိုဘုရားခွင့်မပြုလျှင် မနှောက်ယှက်နိုင်ပါ။ ဘုရားအစီအစဉ်ထဲ၌နေရန် ဘုရားအလိုရှိသည်။ ဓာတိစိတ်က ဓာတိအရာကိုလုပ်ဆောင်ရန်၊ လောကီရန်သူ၏သွေးဆောင်ခံရလျှင်၊ ရန်သူ့ထောင်ခြောက်ထဲသို့ကျနိုင်ပါသည်။

ယခင်ယေရမိက ငါသည်သွားလိုရာမသွားနိုင်၍ ဤနေရာ၌အချုပ်ခံနေရသည်(ယေ ၃၆း၅) ဟုပြောစဉ်က မသွားနိုင်မလာနိုင်အောင် ဖျားနာခြင်းသော်၎င်း၊ အခြားခက်ခဲရာသော်၎င်း ရှိခြင်းကိုရည်ရွယ်သည်။ တင်စားပြောဆိုခဲ့သော "အချုပ်ခံနေရသည်" မှသည် နှုတ်ထွက်ကနာမခံ ချိန်မှပြည့်စုံခဲ့ပြီး အမှန်ပင်မြေတွင်း၌အချုပ်ခံခဲ့ရသည် (ယေ ၃၈း၆) ပရောဖက်၏နှုတ်အသီးကားကြောက်ဖွယ်ရာပင်၊ မိမိအပေါ်၌လည်း ပြည့်စုံရ၏။

စာတန်သည် ယုံကြည်သူများ၏ နှုတ်ထွက်စကားကိုလည်းချောင်းနေသည်။ "အကျွန်မအားနည်းသည်" ဟု ဝန်ခံသော်၊ အားနည်းရန်များစွာ အကြောင်းဖန်မည်။ "နာသည်" ဟုငြီးသော် နာရန်တံခါးကျယ်ကျယ်ဖွင့်ခြင်းဖြစ်သည်။ "မုန်းသည်" ဟုပြောလျှင်ကျိန်ဆဲခြင်းတမျိုးဖြစ်ပြီ။ စာတန်ကိုအခွင့်ပေးစကားမပြောမိရန်နှုတ်ကိုဘုရား၌ အပ်ရမည်၊ ဆင်ခြင်ရမည်၊ သတိပြုပြောဆိုရမည်။

ညီအစ်မတဦးကဝန်ခံသည် ခွင့်ယူရခက်၍ ခါးနာသည်ဟု ဖုန်းနှင့်ခွင့်တောင်းမိပြီး မကြာမီကြီးစွာဝေဒနာခံခဲ့ရသည်။ နှစ်ပတ်အကြာမှာ မိမိနှုတ်ထွက်အပြစ်ကို ဝိညာဉ်တော်ဖော်ပြခြင်းခံရ၍ ဝန်ချရာ အရှင်းပျောက်ခဲ့သည်ဟူ၏။ လိမ်ညာမိခြင်းအပြစ်ဟုသူမကဆိုသည်။ နှုတ်ထွက်အမှားကိုစာတန်အလုပ်လုပ်ခွင့်ရသွားခြင်းလည်းဖြစ်မည်ဟုသူမက Home Cell ၌ဝေငှဝန်ခံခဲ့ခြင်းဖြစ်ရာ မိဿဟာယ၏နွေးထွေးမှု၊ ခွန်အားရမှုများ မဟုတ်လော။

စုပေါင်းချီးမွမ်းခြင်းက စာတန့်အင်အား ကိုဖြိုဖျက်ခြင်းဟု ကျမ်းစာကသင်သည်။ အပြစ်ဝန်ချခြင်းက ဘုရားနှင့် ပူးပေါင်းခြင်း၊ ရန်သူတန်ခိုး ကိုချိုးဖျက်ခြင်းဟု ကျမ်းစာသင်သည်။ အချင်းချင်း တိုက်တွန်းနိုးဆော်အားပေးအားယူမှုပြုရန် Home Cell သည်ရှိကိုရှိရမည်။ အေး၍၊ မော၍၊ အချိန် မရ၍ ဟူသည် ဓာတိကိုဝန်ခံခြင်းများသာဖြစ်သည်။ ဘုရားအလိုမရှိပါ။ မည်သည့်အရာကိုရွေးယူမည်နည်း။

Home Cell ၌တိတ်ဆိတ်စွာထိုင်နေသည် ဖြစ်ပါစေဘုရားနှစ်သက်ရာကိုပြုခြင်းပင်။ တိတ်ဆိတ်သည်ဟုမဆိုနိုင်၊ ချီးမွမ်းခြင်း၌ပါဝင်သီဆိုမည်မှာသေချာပါသည်။ ဘုရားရှင်အလိုရှိသော အမှုမဟုတ်လော။ ညီညွတ်ခြင်း၊ မေတ္တာပြခြင်း၊ ကိုယ့်ကိစ္စကိုယ့်ပြဿနာ၊ ကိုယ့်အမှုအရာကို ငြင်းခြင်းသည်၊ ဘုရားရှင်အားအသက်တာကိုပူဇော်ခြင်းဖြစ်သည်ဟုမိတ်ဆွေတစ်ဦးကကြည်နူးစွာ ဝန်ခံဝေငှခဲ့ပါသည်။

သူတပါးကိုရေလောင်းသောသူ (ဘုရားရှင်အားနှစ်သိမ့်စေသောသူ) မှန်လျှင် ကိုယ်တိုင်ရေလောင်းခြင်း (ကောင်းကြီးများစွာရရှိခြင်း) ခံရမည်ဟုကျမ်းစာဆိုပြီ။ Home Cell သို့နေးကွေးမောပန်းလေးလံစွာသွားရောက်ခြင်းပြုသော်လည်း၊ မကြာမီရွှင်လန်းကြည်နူးမှုရရှိလာနိုင်သည်။ အပြန်၌အားရသက်သာစွာပြန်လာနိုင်မည်။ သို့ရာတွင်တခါတရံသက်သေခံချက်ကထိခိုက်ချင်စရာဟု ထင်ရဖွယ်ကြုံနိုင်သေးကြောင်းလည်းရှိသည်။ တစုံတဦးက အဖွင့်ဆုတောင်းစဉ် ငြိုငြင်စွာဆုတောင်းပြန်၍စိတ်ကျမိမလိုဖြစ်ခဲ့ဘူးသည်။ "အို အဖ..မည်သူမှထိမိ၍လဲစရာမပြုပါစေနှင့်..." ဟူ၍ဖြစ်သည်။ သို့ဖြစ်ရာဦးဆောင်သူကကြိုတင်ဆက်ကပ်မှုများစွာပြုရမည်။ ပေါ့ဆမှုမထားရပါ။

ခွန်အားယူဖွယ်မဖြစ်ဘဲ လဲစရာဖြစ်နိုင်ရန် စာတန် ၏သွေးထိုးမှုမှလွတ်ရန် ကြိုး၍များစွာဆက်ကပ် ပါ၊ အယောက်စီတိုင်းအားကောင်းကြီးပေးပါ။ သွားရောက်ရမည့် အိမ်ထောင်အတွက် ကြို၍ ဆုတောင်းပြီး အခြေအနေအချိန်နာရီများကို ဘုရားထံအပ်နှံပါ။ မိမိကိုယ်တိုင်ကလည်း နှလုံးသားရှင်းလင်းပါစေ။ မည်သည့်အရာကမျှ ဆက်ကပ်ခြင်းကိုမထိခိုက်နိုင်အောင် ဝိညာဉ်တော်နှင့် ပူးပေါင်းပါ။ မှားယွင်းသော ဆက်ဆံမှုကို ချစ်ခြင်းမေတ္တာဖြင့် ပါးနပ်စွာတုန့်ပြန်ပါ။ တစ်စုံတဦးအား စောင်းမြောင်းသော သီးသန့်ဝေငှ ချက်မဖြစ်ပါစေနှင့်၊ လူ့နှလုံးသားကို ဘုရားတန်ခိုးကသာ ပြုပြင်မည်၊ စကားဖြင့်မရနိုင် (၂ကော ၁၀း၄)၊ဆုတောင်းလက်နက်သာအဓိကသုံးပါ၊ ဝေငှစရာကိုလည်း ဘုရားထံတောင်းပါ။ လူ့စိတ်နှင့်မရွေး ပါနှင့် "ပစ် မှတ်" မဖြစ်ပါစေနှင့်။

ချစ်ခြင်းမေတ္တာသည်ကြောက်ခြင်းသံဝေဂနှင့်မပေါင်းဟုကျမ်းစာဆိုသည်။ မည်သူ့ကိုမှ မကြောက်ပါနှင့် ရှိသေထိုက်သူကိုရှိသေပါ။ သို့ရာ တွင်ကိုယ်နှင့်အမျှချစ်ပါ။ (ဖိ ၄း၁၃) ယေရှုခရစ် အားဖြင့်ချစ်နိုင်ပါလိမ့်မည်။ အမှားကိုပင် ချေဖျက်နိုင်သောအချစ်ရှိပါ။ ဧကန်အောင်မြင် ပါလိမ့်မည်။ (၁ကော ၁၃)။

–ဒေါ်စန်းစန်းမြင့်–